
mgyoe.com
SAMPLE BOOK



# ခင်သန်းကြီးရဲ့မျက်လုံးတွေ

နေမျိုး





mgyoe.com

mgyoe.com

SAMPLE BOOK

Nay Myo - 2000 Ks

9 254848 048651

mgyoe.com

mgyoe.com

SAMPLE BOOK

တန်ဖိုး – ၂၀၀၀ ကျပ်

mgyoe.com

mgyoe.com
SAMPLE BOOK

နှစ်ကာလများ
စာအုပ်အစီအစဉ် ၂၆၃

# ခင်သန်းကြီးရဲ့မျက်လုံးတွေ

## နေမျိုး

နှစ်ကာလများ
အမှတ် ၁၀၄၊ အပေါ်ဆုံးထပ် (က)၊
အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၉ ၂၅ ၄၈ ၄၈ ၀၄၈၊ ၀၉၄၄၃၀၂၇၆၆၉
*e-mail: theeras2001@gmail.com*

mgyoe.com

mgyoe.com SAMPLE BOOK

**ပုံနှိပ်မှတ်တမ်း**

ခင်သန်းကြီးရဲ့ မျက်လုံးတွေ
နေမျိုး
ပထမအကြိမ်၊ ဇန်နဝါရီ၊ ၂၀၁၈။
နှစ်ကာလများစာပေ
အုပ်ရေ – ၁၀၀၀
တန်ဖိုး – ၂၀၀၀ ကျပ်

**ထုတ်ဝေသူ** ဦးစိန်ဝင်း၊ နှစ်ကာလများစာပေ (၀၀၇၄၄)၊ ၁၀၄၊ အပေါ်ဆုံးထပ် (က)၊ အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ **အတွင်းနှင့်အဖုံးပုံနှိပ်** ဦးအေးဝင်း၊ အေးကမ္ဘာ ပုံနှိပ်တိုက် (၀၀၂၉၀)၊ အမှတ် ၄၆၊ ၄၆ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ **ကွန်ပျူတာစာစီ** သရဖီ။ **မျက်နှာဖုံး** ဝင်းပေ။ **စာအုပ်ချုပ်** ရွှေသမီး။

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


၁။ နင့်ကို ငါ ချစ်နေတုန်းပဲ မိနီ ၇
၂။ ကုန်းဆုံးခဲ့တဲ့ နှစ်တွေ ၁၀
၃။ ပဲစေ့ကို သွန်ကောက်ခြင်း ၁၂
၄။ နွေဦးလေပြည် ၁၄
၅။ စိန်တင်ဟန်နှင့်
စိန်တင် လင်မယားအစစ် ဖြစ်ပါသည်ရှင် ၁၆
၆။ အမေ ၁၉
၇။ 'ဒ' ဒထွေးကို အသုံးပြုခြင်း ၂၄
၈။ စာရွက်တစ်ရွက် ၂၆
၉။ မိုးရွာသော နေ့တစ်နေ့ ၂၈
၁၀။ ပိုးဟပ်ကို ဆယ်ယူခြင်း ၃၀
၁၁။ နွေနေအောက်က ခွေးတစ်ကောင် ၃၂
၁၂။ ရွက်ကျင် ၃၄
၁၃။ ထိုင်နေတဲ့ အဘိုးအို ၃၆
၁၄။ ရေးချင်တဲ့ စာအုပ်တစ်အုပ် ၃၉
၁၅။ ပဲပင်ကလေးတွေ ၄၁
၁၆။ အမုန်း ဘူတာ ၄၃
၁၇။ လူယောက်ျား လူမိန်းမ ၄၆
၁၈။ မုန့်အကျန်ကလေး တစ်ခု ၅၀


mgyoe.com

mgyoe.com SAMPLE BOOK


၁၉။ ကဗျာဆရာနှင့် စကားပြောခြင်း ၅၃

၂၀။ ကဗျာဆရာ နရီ (မြိတ်) အတွက် ခွန်းချိုစကား ၅၆

၂၁။ ဒဂုန်တာရာအတွက် အမှတ်တရ စကား ၅၈

၂၂။ ကျွန်တော် အသုံးပြုခဲ့သော ဝေါဟာရများ ၆၂

၂၃။ ပျံသန်းခြင်း ၆၄

၂၄။ တို့တောရွာ ၆၇

၂၅။ မြစ်ကမ်းဘေးက ကျောက်တုံးကလေး ၇၁

၂၆။ အိမ်ရှေ့ရောက်လာတဲ့ အဘွားအို ၇၃

၂၇။ ခဲတံ ၇၅

၂၈။ လက်ဖက်ခြောက် စားသူ ၇၇

၂၉။ မြောက်အိမ်ကို ပြန်ရောက်တုန်းက ၈၀

၃၀။ ဒီဇင်ဘာ ညထဲမှာ ၈၂

၃၁။ တည်ရှိခြင်း ၈၅

၃၂။ သတင်းစာ ၈၇

၃၃။ ငိုက်မျဉ်းခြင်း ၈၉

၃၄။ ငါး ၉၁

၃၅။ သကြားပုလင်းထဲ ရောက်သွားတဲ့ ပုရွက်ဆိတ်ကလေး ၉၃

၃၆။ အတာသင်္ကြန်ပွဲတော် ၉၅

၃၇။ ငြိမ်သက်နေသူ ၉၉

၃၈။ မောင့် သူငယ်ချင်းတွေ ၁၀၁

၃၉။ စာသား အနည်းငယ် ၁၀၄

၄၀။ အစက်ကလေး တစ်ခု ၁၀၆

၄၁။ ခင်သန်းကြီးရဲ့ မျက်လုံးတွေ ၁၀၈


mgyoe.com

mgyoe.com SAMPLE BOOK

## နင့်ကို ငါ ချစ်နေတုန်းပဲ မိနီ

ကျွန်တော် နှစ်သက်တဲ့ သီချင်းတစ်ပုဒ် ရှိသည်။ ခင်ဝမ်းရဲ့ 'နင့်ကို ငါ ချစ်နေတုန်းပဲ မိနီ'ဆိုတဲ့ သီချင်း ဖြစ်သည်။ ထိုသီချင်းသည် အလွန်ရိုးရှင်းသော အချစ်သီချင်းတစ်ပုဒ် ဖြစ်ပါ၏။ သို့ရာတွင် ထိုသီချင်းသည် ကျွန်တော့်ကို လှိုက်လှဲသော ခံစားမှု ပေးပါသည်။ ကျွန်တော်၏ လူငယ်ဘဝ ပလက်ဖောင်းပေါ်မှ နေ့ညများတွင် ကျွန်တော်သည် ထိုသီချင်းကို ဆိုညည်းမိခဲ့ပါသည်။ နင့်ကို ငါ ချစ်နေတုန်းပဲ မိနီ ...။ ကျွန်တော်သည် ထိုသီချင်းကို ဆိုညည်းရင်း မိနီဆိုသော ကောင်မလေးကို အခုထက်ထိ ချစ်နေတုန်းပါပဲဆိုသည့် အနက်အဓိပ္ပာယ်ကို နှစ်သက်လာမိသည်။ ဒီတေးသီသူဟာ စွဲစွဲမြဲမြဲ ချစ်တတ်သူ တစ်ယောက်ပေပဲဟု မှတ်ချက်ချမိပါသည်။ ထိုသို့ မှတ်ချက်ချနိုင်ခဲ့သည့်အတွက်လည်း တေးသီသူကို လေးစားမိပါသည်။ မှန်ပါသည်။ ကျွန်တော်သည် အချစ်ဆိုသော အရာကို ကိုယ်တိုင်ကိုယ်ကျ ကောင်းစွာ မတွေ့ကြုံရသေးသော်လည်း အချစ်၏ တိမ်းမူးဖွယ်ကောင်းပုံများကိုတော့ သိရှိနေခဲ့ပါပြီ။ အဆိုတော် ခင်ဝမ်း၏အသံကို မိုးကောင်းကင် အမြင့်ကြီးမှ ကျလာသလို ထင်မှတ်ရပါသည်။ ကျွန်တော် ဒီသီချင်းကို နှစ်သက်ခြင်းမှာ ရိုးရှင်းလွယ်ကူသော သီချင်းစာသား သုံးကြောင်းသာ ပါဝင်ပြီး ထိုစာသား

mgyoe.com

mgyoe.com SAMPLE BOOK

သုံးကြောင်း အနက်အဓိပ္ပာယ် ပြည့်ဝနေကာ ပေါင်းလိုက်လျှင် စာသား တစ်ကြောင်းတည်း ဖြစ်သွားသောကြောင့် ဖြစ်ပါသည်။ နင့်ကို ငါ ချစ်နေတုန်းပဲ မိနီ။ သည်လိုဆိုတော့ တေးသီသူဟာ မိနီဆိုတဲ့ ကောင်မလေးနဲ့ ကုန်လွန်ခဲ့တဲ့ အချိန်တွေက ချစ်ခဲ့ကြတာဖြစ်ပြီး ယခု သူ့အကြောင်းကို သီချင်းလုပ်ကာ ဆိုနေသည့် အချိန်တွင်တော့ ဝေးကွာနေကြဟန် ရှိသည်။ သို့သော်လည်း ဒီသီချင်းကို သီဆိုသူသည် စွဲစွဲမြဲမြဲ ချစ်တတ်သူ ဖြစ်သည်။ သူက တေးကို ဒီလို သီဆိုသည်။ နင့်ကို ငါ ချစ်နေတုန်းပဲ မိနီတဲ့။ မိနီဆိုတဲ့ ကောင်မလေးကို ချစ်နေတုန်းပဲဆိုသည့်အတွက် ဘာကြောင့်မှန်း မသိ ကျွန်တော် ကျေနပ်ပျော်ရွှင်နေမိသည်။ သူ့ကို ချစ်နေတုန်းပါပဲ ဆိုတာ မိနီ သိပါလေစ။ မိနီဆိုတဲ့ နာမည်ဟာ ရိုးရှင်း၍ မှတ်မိလွယ်ပြီး ထူးခြားပေါ်လွင်မှုလည်း ရှိနေသည်။ မိနီကို ဘာကြောင့် သူ ချစ်ခဲ့တာ ပါလိမ့်။ ကျွန်တော်၏ လူငယ်ဘဝ ပလက်ဖောင်းပေါ်မှ နေ့များ၊ ညများ တွင် အမျိုးသမီးတစ်ယောက် ချစ်မြတ်နိုးခဲ့မိသည့် အချိန်တွေ ရှိပါသည်။ ထိုစဉ်က လူငယ်ဘဝ နေ့ရက်များ ကုန်ဆုံးသွားပုံမှာ အဓိပ္ပာယ် အပြည့်အဝ ရှိသည်ဟု ဆိုလိုက်စမ်းချင်ပါသည်။ ဓာတ်မီးတိုင်အောက် ပလက်ဖောင်း ပေါ် လမ်းလျှောက်ရင်း အမျိုးသမီးတစ်ယောက်ကို သတိရလာမိသည့်အခါ ကျွန်တော်သည် ခင်ဝမ်း၏ 'နင့်ကို ငါ ချစ်နေတုန်းပဲ မိနီ' သီချင်းကို ဆိုညည်းမိပါသည်။ စွဲစွဲမြဲမြဲ ချစ်နေရခြင်း၌ ဆန်းကြယ်သော ခွန်အား တစ်ရပ် ရှိကြောင်းကို ထိုစဉ်ကပင် ကျွန်တော် သတိပြုမိခဲ့ပါသည်။ ကျွန်တော် နှစ်သက်သော ထိုသီချင်း၏ နောက်ထပ် စာသားနှစ်ကြောင်းမှာ 'နင့်ကို ငါ မုန်းလို့မရသေးဘူး'နှင့် 'နင့်ကို ငါ မေ့လို့မရသေးဘူး'တို့ ဖြစ်ပါသည်။ တေးသီသူသည် မိနီကို မမုန်းသေးပါ။ တေးသီသူသည် မိနီကို မမေ့သေးပါ။ ကျွန်တော်သည် မိနီကို တေးဆိုသူက ဆက်လက် ချစ်နေသည်ဆိုခြင်းကို သိရသည့်အတွက် ကျေနပ် ဝမ်းမြောက်နေမိ သည်။ မိနီဆိုသော အမည်မှာ ထူးခြား ပေါ်လွင်သောအမည် ဖြစ်သော် လည်း မိနီသည် ရွက်ကြမ်းရေကျို မိန်းကလေးတစ်ယောက်လို့ ထင်မိ သည်။ အဲဒီ ရွက်ကြမ်းရေကျို မိန်းကလေး တစ်ယောက်ဟာ ချစ်စရာ ကောင်းတဲ့ မိန်းကလေးတစ်ယောက် ဖြစ်နေမည်မှာ အလွန်သေချာပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်တော်၏ လူငယ်ဘဝ ပလက်ဖောင်းပေါ်မှ နေ့များ၊ ညများတွင် လွတ်လပ် ပျော်ရွှင်ခဲ့ပုံတွေကို ပြန်ပြောင်း သတိရမိပါသည်။ ထိုစဉ်က ကျွန်တော်သည် အသက် ၂၀ ပင် ကောင်းကောင်း မပြည့်သေးသော လူငယ်တစ်ယောက် ဖြစ်ပါသည်။ ဓာတ်တိုင်အောက် ပလက်ဖောင်းပေါ်မှ ကျွန်တော် လမ်းလျှောက်လာသည်။ ဆောင်းတွင်းကြီး မိုးနှင်းတွေက တဖွဲဖွဲ ကျနေသည်။ ညဉ့်က နက်စပြုပြီ။ လမ်းမကြီးပေါ်မှာ လူသူ ရှင်းလင်းနေသည်။ နှင်းမှုန်မှုန်ည ချမ်းချမ်းစီးစီးထဲမှာ ပလက်ဖောင်း အတိုင်း ကျွန်တော် လျှောက်လာခဲ့သည်။ ကျွန်တော် သီချင်းတစ်ပုဒ်ကို ဆိုညည်းခဲ့သည်။ နှစ်တွေ လွန်ခဲ့ပါပြီ။ ကျွန်တော့်အသက် ၅၀ ကျော်ခဲ့ပြီ။ သို့ရာတွင် လူငယ်ဘဝ ပလက်ဖောင်းပေါ်မှ နေ့ညများနှင့်အတူ သီချင်း ကလေးတစ်ပုဒ်ကို ကျွန်တော် အခုထိ အမှတ်ရနေဆဲ ဖြစ်ပါ၏။ နင့်ကို ငါ ချစ်နေတုန်းပဲ မိနီ။

အမှတ် ၅၂၁၊ ၁၀၊ ၆၊ ၂၀၁၃။

mgyoe.com

mgyoe.com SAMPLE BOOK

# ကုန်ဆုံးခဲ့တဲ့ နှစ်တွေ

ဓာတ်ခုံပေါ်မှာ ဖြစ်သည်။ နွေ၊ မိုး၊ ဆောင်း ရာသီတွေ အလီလီ ပြောင်းခဲ့ပြီ။ ကားလိပ်ကို မ,တင်လိုက်တော့ ခပ်ဝဝ လူကြီးတစ်ဦးက သေတ္တာပေါ်မှာ ထိုင်ကာ ယပ်တောင်ဖြင့် တဖျပ်ဖျပ် ခပ်နေသည်။ စွပ်ကျယ်နှင့် လူတစ်ယောက်က ဓာတ်ခုံတောင်ဘက်မှ ဓာတ်ခုံမြောက်ဘက်ထဲသို့ ဖြတ်သန်းသွားသည်။ သူ့လက်ထဲတွင် ယပ်တောင် တဖျပ်ဖျပ် ခပ်လျက်။ လေတိုက်သဖြင့် စက္ကူစုတ်တွေ လွင့်လာသည်။ ကားလိပ်ကို ပြန်ချလိုက်သည်။ ပြီးနောက် ကားလိပ်ကို မ,တင်လိုက်သည်။ ဓာတ်ခုံပေါ်မှာ လူတစ်ယောက်က ထီးတစ်လက်ကို ဖွင့်ကာ ဓာတ်ခုံမြောက်ဘက်မှ ဓာတ်ခုံတောင်ဘက်သို့ တဖြည်းဖြည်း လျှောက်သွားသည်။

နောက်ထပ် လူတစ်ယောက်က မိုးကာအင်္ကျီကို ဝတ်ကာ ဓာတ်ခုံ ဟိုဘက်မှ သည်ဘက်သို့ တဖြည်းဖြည်း လျှောက်သွားသည်။ မိုးရေစက်တို့ တဖွားဖွား ကျနေသည်။ ကားလိပ်ကို ပြန်ချလိုက်သည်။ ပြီးနောက် ကားလိပ်ကို မ,တင်လိုက်သည်။ အသက်ကြီးကြီး လူကြီးတစ်ယောက်က စောင်ကျားကြီးကို ခြုံကာ ဓာတ်ခုံတောင်ဘက်မှ မြောက်ဘက်သို့ တရွေ့ရွေ့ ဖြတ်သန်းသွားသည်။ လူတစ်ယောက်က အနွေးထည်နှင့် နောက်တစ်ယောက်က ဆွယ်တာနှင့် ဓာတ်ခုံဟိုဘက်မှ သည်ဘက်သို့ တရွေ့ရွေ့

mgyoe.com

mgyoe.com SAMPLE BOOK

လျှောက်သွားသည်။ လူတစ်ယောက်က ပြောင်းဖူးဖက် ဆေးလိပ်ကို ရဲနေအောင် ဖွာကာ ဇာတ်ခုံ သည်ဘက်မှ ဟိုဘက်သို့ ဖြတ်လျှောက်သွားသည်။ နွေ၊ မိုး၊ ဆောင်း ရာသီတွေ အလီလီ ပြောင်းခဲ့ပြီ။

ကျွန်တော်သည် လွန်ခဲ့သော ဆယ်စုနှစ် ၂ ခုကျော်က သူငယ်ချင်း တစ်ယောက်ကို သတိရလာမိသည်။ သူသည် ဇာတ်အဖွဲ့တစ်ဖွဲ့နှင့် လိုက်ပါသွားပြီး နွေ၊ မိုး၊ ဆောင်း ရာသီတွေ အလီလီ ပြောင်းသည့် ပြကွက်များတွင် ဇာတ်ခုံပေါ်၌ စွပ်ကျယ် ဝတ်ကာ ယပ်တောင် တဖျပ်ဖျပ် ခပ်၍ လည်းကောင်း၊ နောက်တစ်ခါ ထီးကို ဖွင့်ဆောင်းကာ ဇာတ်ခုံ ဝဲဘက်မှ ယာဘက်သို့လည်းကောင်း၊ ထပ်၍ စောင်ကြီးခြုံကာ ဇာတ်ခုံ သည်ဘက်မှ ဟိုဘက်သို့လည်းကောင်း ဖြတ်လျှောက် သရုပ်ဆောင်ရာတွင် ပါဝင်ခဲ့သူ ဖြစ်သည်။ နွေ၊ မိုး၊ ဆောင်း ရာသီတွေ အလီလီ ပြောင်းခဲ့ပြီ။ ဇာတ်ခုံပေါ်တွင် ဤပြကွက်သို့ ရောက်လေတိုင်း ကျွန်တော့် သူငယ်ချင်းသည် ပါဝင် သရုပ်ဆောင်မြဲ ဖြစ်ပါသည်။

ယခုမူ သူ သရုပ်ဆောင်ခဲ့သလိုပင်ဖြစ်သည်။ နှစ်ကာလတွေ ကြာမြင့်ကာ ရာသီတွေ အလီလီ ပြောင်းခဲ့ပြီ။ ကျွန်တော်သည် ထိုသူငယ်ချင်းကို ကောင်းစွာ သတိရမိသည်။ ယပ်တောင်ကို တဖျပ်ဖျပ်ခပ်ကာ ဇာတ်ခုံပေါ် လမ်းလျှောက်နေပုံ၊ ထီးကို ဖွင့်ဆောင်းကာ ဇာတ်ခုံပေါ် သူ ဖြတ်သန်းခဲ့ပုံ၊ စောင်ကြီး ခြုံကာ ဇာတ်ခုံ ဟိုဘက်မှ သည်ဘက် သူ ရွေ့လျားသွားပုံတို့ကို အမှတ်ထင်ထင် ရှိနေဆဲပင် ဖြစ်သည်။ ကျွန်တော့်သူငယ်ချင်းသည် ဇာတ်သဘင် ဝါသနာပါသူဖြစ်ပြီး ကျွန်တော်က သဘင်သည်တစ်ယောက်၏သား ဖြစ်ပါသည်။ ရာသီတွေ အလီလီ ပြောင်းခဲ့ပြီ။ ကျွန်တော်သည် ထိုသူငယ်ချင်းကို ကောင်းစွာ သတိရမိသည်။ သူငယ်ချင်း ကာတွန်း အောင်မိုးစံကို ဇာတ်ခုံပေါ်မှာ စောင်ကြီးခြုံ၍ ထွက်လာသလို ကျွန်တော့် သူငယ်ချင်းကို တစ်နေရာရာမှာ မြင်တွေ့လိုက်မိသလိုပါပင်။ ရာသီတွေ အလီလီ ပြောင်းခဲ့ပြီ။

သတိရလျက် ...

ပေါ်ပြူလာဂျာနယ်၊ မေ ၁၆၊ ၂၀၁၇။

mgyoe.com

mgyoe.com SAMPLE BOOK

## ပဲစေ့ကို သွန်ကောက်ခြင်း

ပဲစေ့တွေ ပြန့်ကျဲနေတယ်။ တစ်စေ့ချင်း ကောက်ယူတယ်။ ရေတွက်တယ်။ တစ်စေ့၊ နှစ်စေ့၊ သုံးစေ့ ...။ ပဲစေ့လေးတွေက ဖြူဖြူ။ အဘိုး လက်ချောင်းတွေက ရှုံ့တွတွ။ လေးစေ့၊ ငါးစေ့၊ ခြောက်စေ့၊ ခုနစ်စေ့။ ကောက်ယူ ရေတွက်တဲ့ ပဲစေ့တွေကို ခွက်ထဲ ထည့်တယ်။ ပဲစေ့ကို တစ်ခါကောက်ရင် တစ်ကြိမ် ရေတွက်တယ်။ ရှစ်စေ့၊ ကိုးစေ့၊ ဆယ်စေ့။ ပြန့်ကျဲနေတဲ့ ပဲစေ့ကလေးတွေက အဘိုးရဲ့ လက်ချောင်းထဲကနေ တစ်ဆင့် နို့ဆီခွက်ထဲ ရောက်သွားကြတယ်။ ဆက်လက် ရေတွက်ရဦးမယ်။ ဒီမှာ ပဲစေ့တွေ။ ဆယ့်တစ်စေ့၊ ဆယ့်နှစ်စေ့၊ ဆယ့်သုံးစေ့။ ပဲစေ့ ဆယ့်သုံးစေ့တိတိ ရေတွက်ပြီးပြီ။ နို့ဆီခွက်ထဲမှာ ပဲစေ့ ဆယ့်သုံးစေ့ ရောက်သွားပြီ။ ပဲစေ့တွေ ရှိနေတုန်းပဲ။ အဘိုး ဘာလုပ်နေတာလဲ။ မြေးငယ်က မေးတယ်။ အဘိုး ပဲစေ့တွေ ရေတွက်နေတာ။ အဘိုး မအားဘူး။ ပဲစေ့ကလေးတချို့ ကောက်ယူတယ်။ ကိန်းဂဏန်းတစ်ခုကို ရေရွတ်တယ်။

ပြီးတော့ နို့ဆီခွက်ထဲကို ထည့်တယ်။ ဆယ့်လေးစေ့၊ ဆယ့်ငါးစေ့၊ ဆယ့်ခြောက်စေ့၊ ဆယ့်ခုနစ်စေ့။ မေမေ ... ဒီမှာ ဘိုးဘိုး ပဲစေ့တွေ ရေတွက်နေတယ်။ မေ – တိတ်တိတ်နေစမ်း လူကလေး။ အဘိုးဟာ

mgyoe.com

mgyoe.com SAMPLE BOOK

နှာခေါင်းပေါ် လျှောကျလာတဲ့ မျက်မှန်ကို ပင့်တင်ပြီး ပဲစေ့တွေကို ဆက်ပြီး ရေတွက်တယ်။ ဘိုးဘိုးကို မခေါ်တော့ဘူး။ အေးပါကွာ။ သုံးဆယ့်ငါးစေ့၊ သုံးဆယ့်ခြောက်စေ့၊ သုံးဆယ့်ခုနစ်စေ့။ နေစမ်းပါဦး၊ ဒါက ပဲစေ့ပဲလား။ အဘိုးက သေသေချာချာ ကြည့်။ ပဲစေ့လား၊ ကျောက်ခဲ ဖြူဖြူလေးလား။ အဘိုး လက်ထဲမှာ ကိုင်ထားတယ်။ သြော် ... ပဲစေ့ လေးပဲ။ တစ်ခြမ်း ပွဲနေတာကိုး။ ဒါကို သူက ထည့်သွင်း ရေတွက်တယ်။ ပဲစေ့တွေဟာ သူ့နံဘေးမှာ နို့ဆီခွက်ထဲမှာ တစ်ခုချင်း ရောက်သွားတယ်။

အပြင်ဘက်မှာ ဆောင်းနေခြည်က လင်းလို့။ ပဲစေ့တွေကို အဲဒီနေ့က အားလုံး ကုန်အောင် ရေတွက်နိုင်ခဲ့တယ်။ စုစုပေါင်း အားလုံး ပဲစေ့ တစ်ထောင့်ခုနစ်ရာ နှစ်ဆယ့်ငါးစေ့။ သူဟာ ကျေနပ်သွားတယ်။ ဘိုးဘိုးဟာ ကျေနပ်သွားတယ်။

ဆောင်းနေခြည်က ပြတင်းမှန်ကို ဖြတ်ပြီး အထဲမှာ လင်းနေတယ်။ မြေးကလေးက ဘယ်မှာ ဆော့နေပါလိမ့်။ နေရောင်ခြည်ထဲမှာ လှန်းထားတဲ့ အကျီက ရေစက်တွေ ပေါက်ခနဲ၊ ပေါက်ခနဲ ကျနေတယ်။ သူဟာ ပဲစေ့တွေ ထည့်ထားတဲ့ နို့ဆီဘူးကို ယူလိုက်တယ်။ ပြီးတော့ သွန်ချလိုက်တယ်။ ငါ ရေတွက်တာ ဟုတ်ပါတယ်။ ကဲ ... ဒီတစ်ခါ ပြန်ရေတွက်မယ်။ ပဲစေ့တစ်စေ့၊ နှစ်စေ့၊ သုံးစေ့၊ လေးစေ့၊ ငါးစေ့ ...။

ပေါ်ပြူလာဂျာနယ်၊ ဇန်နဝါရီ ၂၄၊ ၂၀၁၇။

mgyoe.com

mgyoe.com SAMPLE BOOK

## နွေဦးလေပြည်

နွေဦးလေပြည်ကလေး ဝေ့ခနဲ တိုက်ခတ်သွားသည်။ အပြာရောင် ခန်းဆီးစ လူးလွန့် သွားသည်။ စားပွဲပေါ်မှ စာရွက်တချို့ ဖျတ်ခနဲ လှုပ်သွားသည်။ အိမ်ရှေ့ ဝင်းတံခါးအနီးရှိ ဗာဒံပင်မှ ရွက်ကျင်များ ဖြုတ်ခနဲ ကြွေကျသွားသည်။ ကြွေကျသွားသော ဗာဒံရွက် နီကြင်ကြင်သည် ကတ္တရာလမ်းပေါ်မှာ ခဏမျှ လှျောတိုက် ပါသွားသေးသည်။ ပြီးတော့ ရပ်တန့်သွားသည်။ အိမ်ဝင်းထဲက ကြိုးတန်းမှာ နေပူလှန်းထားသော စောင်ထည်က ဘယ်ညာလှုပ်ယိမ်း၍ ကျန်ရစ်ခဲ့သည်။ စောင်ထည်တွေကို သိမ်းဆည်းနိုင်ရန်အတွက် နွေဦးရက်တွေမှာ လျှော်ဖွပ်ကာ လှန်းထားခြင်း ဖြစ်သည်။

ပြတင်းပေါက်မှ ရပ်တန့်ကာ အပြင်သို့ ကြည့်လိုက်လျှင် ပြာလွင်သော မိုးကောင်းကင်ကြီးကို မြင်ရသည်။ တစ်ခါတလေ တိမ်မျှင်ဖြူဖြူကလေးတွေကို တွေ့ရတတ်သည်။ ဟိုး ... ဝေးဝေးဆီမှာတော့ မှိုင်းညို့ညို့ တောင်တန်းကို ခပ်ရေးရေး မြင်နိုင်သည်။ စောစောက တိုက်ခတ်သွားသော နွေဦးလေပြည်ကလေး ဘယ်ဝယ်ဆီ ရောက်သွားပြီလဲ။ အပြာရောင် ခန်းဆီးစက ငြိမ်ငြိမ်သက်သက်။ စားပွဲပေါ်မှာ စာရွက်တွေက မလှုပ်မယှက်။ အိမ်ရှေ့ ဝင်းထရံစပ်က ဗာဒံပင်မှာ ရွက်ကျင် တစ်ရွက်၊ နှစ်ရွက်။

mgyoe.com

mgyoe.com SAMPLE BOOK

နေ့လယ်ခင်းသည် အသံဗလံ တိတ်ဆိတ်လျက်သာ။ အိမ်အောက် မြေသား အရိပ်အေးအေးမှာ ခွေးတစ်ကောင် လျောင်းစက်နေသည်။ မျက်နှာကြက်မှာ နွေရဲ့ အပူရှိန်တွေ ရှိသည်။ ပြတင်းပေါက်က မြင်နေရတဲ့ အနက်ရောင် ကတ္တရာလမ်းမထက်မှာလည်း အပူရှိန်တွေ ရှိသည်။ ဟော ... ဟိုးလမ်းဘေးမှာ ငြိမ်သက်နေတဲ့ ကျောက်တုံးတစ်တုံးမှာလည်း အပူရှိန်တွေ ရှိသည်။

နွေဦး ပေါက်ခဲ့ပြီ။ နွေရက်တွေ ပြန်လည် ရောက်ရှိလာဦးတော့မည်။ အိမ်ဝင်းထရံရဲ့ ညာဘက်ထောင့်က အုတ်ရေကန်ကလေးထက်မှာ သစ်ရိပ်တချို့၊ နေရောင်ခြည်တချို့ ပြောက်တိပြောက်ကျား ထိုးကျနေသည်။

'ငါ နွေရာသီကို ကြိုက်တယ်။ နွေရာသီမှာ သစ်ရွက်ကြွေတာ၊ နွေရာသီမှာ သစ်ရွက်နုနုကလေးတွေ ထွက်လာတာ၊ ပြီးတော့ လေပြည် တိုက်ခတ်တာ၊ ဒီလို နွေဦးရက်တွေကို ငါ သိပ်ကြိုက်တယ်'

ဤသို့ တစ်ယောက်ယောက်က ပြောခဲ့သည့် နွေဦးရက်များ ရောက်ရှိလာပြီ။ ပြတင်းပေါက် သည်ဘက်မှာ လူတစ်ယောက် ရှိသည်။ သူသည် နွေဦးနေ့ရက်များကို ကြည့်နေသည်။ ဟော ... လေပြည်ကလေး ဝေ့ခနဲ တိုက်ခတ်လာပြန်ချေပေါ့။ စောစောက နွေဦးလေပြည် ရောက်လာပြန်ချေပေါ့။ အပြာရောင် ခန်းဆီးစ လှုပ်ယိမ်းသွားပြန်သည်။ စားပွဲပေါ်မှာ စာရွက်တချို့ ဖျတ်ခနဲ လန်သွားသည်။ အခန်းကလေးထဲမှာ လှုးလွန့်မှုကလေးတစ်ခု။ သူ ကျေနပ်စွာ ငြိမ်သက်နေလိုက်သည်။

ပေါ်ပြူလာဂျာနယ်၊ ဖေဖော်ဝါရီ ၂၈၊ ၂၀၁၇။

mgyoe.com

mgyoe.com SAMPLE BOOK

## စိန်တင်ဟန်နှင့်
## စိန်တင် လင်မယားအစစ် ဖြစ်ပါသည်ရှင်

ကျွန်တော် လူငယ်ဘဝ ၁၀ တန်းကျောင်းသားအရွယ်တွင် စာဖတ်ဝါသနာ ပါလာပါသည်။ စာဖတ်ဝါသနာဟု ဆိုရာတွင် ဝတ္ထု၊ ကဗျာ၊ ဆောင်းပါးမှ အစပြုကာ အခြား စာတိုပေစများကိုပါ ဖတ်ရှုရန် ဝါသနာ ပါလာခြင်းကို ဆိုလိုပါသည်။ ကျွန်တော် လူငယ်ဘဝ စာဖတ်ဝါသနာ ပါလာသော အချိန်တွင် အဖေ့စာအုပ် အချို့ကို ယူ၍ ဖတ်ကြည့်မိပါသည်။ (အဖေ့စာအုပ်ဟု ဆိုရာတွင် အဖေ၏မှတ်စု) ဒိုင်ယာရီများကို ယူငင်၍ ဖတ်ရှုကြည့်ခြင်းပင် ဖြစ်ပါသည်။ အဖေသည် သဘင်သည်တစ်ယောက်၊ ဆိုင်းဆရာတစ်ယောက် ဖြစ်လင့်ကစား ဒိုင်ယာရီရေးရာတွင် အလေ့အကျင့်ရှိသူ ဖြစ်ပါသည်။ အဖေ့စာအုပ်ထဲတွင် သူ ဆိုင်းပွဲတီးရမည့် မြို့များ၊ နယ်များ၏ ကျေးရွာများနှင့် ရက်စွဲများကို မှတ်သားထားသလို၊ သူ၏တပည့် ဆိုင်းအဖွဲ့သားများက အဖေ့ထံမှ အသုံးငွေ ထုတ်ယူကြပုံ စာရင်းကိုလည်း ရေးမှတ်ထားကြောင်း တွေ့ရပါသည်။ ဥပမာဆိုလျှင် ၁၃၅၀ ပြည့်နှစ်၊ နတ်တော်လဆန်း ၅ ရက်ည၊ အဝင်အိုင်ကြီး စသည့် အလှူပွဲရက်နှင့် နေရာကို မှတ်သားထားသလို၊ မောင်ပု–၅/၊ အတာ–၃/၊ ဝင်းကြိုင်–၅/၊ ကျော်ကြီး–၆°/ စသည်ဖြင့် အသုံးငွေ စာရင်းများ မှတ်သားထားသည်ကိုလည်း တွေ့ရပါသည်။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုမျှ မကသေး။ အဖေသည် သူ၏ စာအုပ်ထဲတွင် မြို့တော်သိန်းအောင် ပုံပါ စာတန်းထိုးလျက် ပြည့်ပြည့်ဝဝ မင်းသားတစ်ဦး၏ ဦးခေါင်းပိုင်းပုံ ပုံကြမ်းရေးထားသည်ကိုလည်းကောင်း၊ ရွှေနန်းတင်ဟု စာတန်းထိုးလျက် သွယ်လျသော မျက်နှာနှင့် ပြုံးနေသော မင်းသားတစ်ဦး၏ ဦးခေါင်းပိုင်း ပုံကြမ်းကိုလည်းကောင်း၊ ဦးဩဘာဟု စာတန်းထိုးလျက် ရယ်မောနေဟန် လူရွှင်တော်ကြီးတစ်ဦး၏ မျက်နှာပုံကြမ်းကို လည်းကောင်း ရေးဆွဲထားကြောင်း တွေ့ရပါသည်။ အဖေသည် သူနှင့် လုပ်ဖော်ကိုင်ဖက်များကို ဤသို့ ချစ်ခင်စွာ မှတ်တမ်းတင်ခဲ့ခြင်း ဖြစ်တန်ရာပါသည်။

ဤနေရာအရောက်တွင် ယခုစာစု၏ ခေါင်းစဉ်ကို ပြန်၍ သွားပါမည်။ အဖေသည် သူ့စာအုပ် တစ်အုပ်လုံးကို ဤသို့ စာသားများဖြင့် အပြည့် ရေးထားပြီး အဖေ့စာအုပ်၏ ဖွင့်လှျင်ဖွင့်ချင်း ပထမ စာမျက်နှာတွင် အမေ့လက်ရေးဖြင့် ရေးသားထားသော 'စိန်တင်ဟန်နှင့် စိန်တင်လင်မယားအစစ် ဖြစ်ပါသည်ရှင်' ဟူသော ဝါကျကို တွေ့ရပေသည်။ အမေ့လက်ရေး ရှည်မျောမျောကလေးများသည် စာမျက်နှာပေါ်တွင် ထင်းနေပါသည်။ ကျွန်တော်သည် အမေ့ဝါကျကို ဖတ်ပြီး ပြုံးမိပါသည်။ ထို့နောက် ကျေကျေနပ်နပ်ပင် မှတ်ချက်တစ်ခု ချနိုင်ခဲ့ပါသည်။ သြော် … အမေက ဒီလိုကိုးဟု ဖြစ်ပါသည်။

အဖေသည် အမေ ရေးထားသော ဝါကျကို ဖျက်မပစ်ပါ။ အမေသည် မည်သည့် ခွင့်ပြုချက်ဖြင့် ဤဝါကျကို ရေးခဲ့ပါသနည်း။ မည်သည့် တိုက်တွန်း နှိုးဆော်ချက်နှင့် ဤဝါကျကို ရေးခဲ့ပါသနည်း။ ထိုစဉ်က ကျွန်တော်သည် မနူးမနပ် လူငယ်ဘဝဖြစ်ရာ ထိုစာအုပ်ကို ယူလာပြီး အဖေနှင့် အမေ့အနီးတွင် ခပ်ကျယ်ကျယ် ဖတ်ပြခဲ့ပါသည်။ အမေက ခပ်တည်တည် ရှိနေပါသည်။ အဖေကလည်း ဘာမျှ မပြောပါ။ အမေသည် အရပ်သူတစ်ယောက် ဖြစ်ပါသည်။ အမေသည် ဆေးလိပ်သမတစ်ယောက် ဖြစ်ပါသည်။ အမေသည် အဖေ့ကို ချစ်မြတ်နိုးသူတစ်ယောက် ဖြစ်ပါသည်။ ထိုအချက်ကို နောင်အခါတွင် ကျွန်တော် တစိမ့်စိမ့် တွေးကြည့်နိုင်ခဲ့ပါသည်။ အဖေ့ဒိုင်ယာရီထဲတွင် သီချင်းရေးလက်စ စာသားများ၊ အသံကို မှတ်သားထားသော ကိန်းဂဏန်းများ ပါရှိပါသည်။ သို့

mgyoe.com

mgyoe.com SAMPLE BOOK

ရာတွင် သည်စာအုပ် တစ်ခုလုံးကို အမေ့ဝါကျ တစ်ကြောင်းတည်းဖြင့် သိမ်းပိုက်နိုင်ခဲ့ပေပြီ။ နှစ်တွေ ကြာမြင့်ခဲ့ပါပြီ။ အဖေ ကွယ်လွန်ခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုပင် ကျော်လွန်၍လာခဲ့ပေပြီ။ အမေ ကွယ်လွန်ခဲ့သည်မှာလည်း ဆယ်စုနှစ် ထက်ဝက်ခန့် ရှိပေပြီ။ ထိုဒိုင်ယာရီစာအုပ်အဟောင်းကလေးကို ရှာဖွေ၍ တစ်နေ့နေ့တွင် ဖတ်ရှုကြည့်ပါဦးမည်။ အမေ့ရဲ့ဝါကျကိုလေ ...။

ပေါ်ပြူလာဂျာနယ်၊ ဒီဇင်ဘာ ၂၀၊ ၂၀၁၆။

mgyoe.com

mgyoe.com SAMPLE BOOK

## အမေ

အမေဆိုတာ အခြားသူ မဟုတ်ပါ။ ကျွန်တော့် မိခင်ကြီး ဒေါ်စိန်တင်ကို ပြောတာ ဖြစ်ပါတယ်။ ဆရာ သိန်းဖေမြင့်က အမေ့ကို အစောဆုံး အမှတ်ရမိသည်မှာ ကျွန်တော် နို့ဖြတ်တုန်းက ဖြစ်ခဲ့တယ်လို့ ရေးခဲ့ပါတယ်။ အဲဒါကို ကျွန်တော် အထက်တန်းကျောင်းသားဘဝက ပင်ရင်း စကားပြေ လက်ရွေးစင်စာအုပ်မှာ ဖတ်ခဲ့ရပါတယ်။ ကျွန်တော့် အမေ့ကို အစောဆုံး အမှတ်ရတာကတော့ မန္တလေးမြို့၊ မြောက်ပြင် သူရဲတပ် ရပ်က နှစ်ထပ်အိမ်ကလေးရဲ့ အောက်ထဲ မြေပြင်ပေါ်မှာ ဖျာခင်းပြီး ကျွန်တော့်ကို အမေက အိပ်ပျော်အောင် သိပ်နေပုံပါပဲ။ အချိန်က နေ့လယ်ခင်းဖြစ်ပြီး ကျွန်တော်က အမေ သိပ်ပေမဲ့ မအိပ်ဘဲ အမေ့ကို ကြည့်နေပါတယ်။ အဲဒီအချိန် အမေက ကျွန်တော့်တို့ အိမ်ကလေးရဲ့ အပြင်ဘက်မှာရှိတဲ့ သစ်ပင်ကြီးကို လက်ညှိုးထိုးပြီး ဟိုသစ်ပင်ပေါ်မှာ ကျီးကန်းကြီး လာနားပြီ၊ ငါ့သား အိပ်တော့နော်လို့ ပြောတာကို မှတ်မိနေပါတယ်။ အမေ ပြောတဲ့ ကျီးကန်းကြီးဟာ တကယ်ပဲ ရောက်ရှိနေတယ်လို့ ကျွန်တော် ယုံပါတယ်။ အဲဒီနောက် ကျွန်တော် အိပ်ပျော်သွားပါတယ်။ ဆရာ သိန်းဖေမြင့်က သူ့ရဲ့ အမေအကြောင်း ရေးဖွဲ့ထားတဲ့ စာထဲမှာ တစ်နေ့မှာ အမေက ကျွန်တော့်ကို နှမ်းလုံးကလေးများ ကျွေးပါသည်။ ကျွန်တော်

mgyoe.com

mgyoe.com SAMPLE BOOK

နှမ်းလုံးကလေးများကို စားပြီး ခဏကြာသောအခါ အမေက ကျွန်တော့်ကို ပါးစပ်ဟခိုင်းပြီး ပါးစပ်ထဲမှ နှမ်းလုံးကလေး တစ်စေ့ကို ကောက်ယူကာ ဒီမှာ ကြည့်စမ်းပါ သား၊ မင်း ဒီနေ့အထိ နို့စို့တော့ မင်း သွားထဲမှာ ပိုးတွေ ကျနေပြီ၊ နောက် မစို့နဲ့တော့နော်ဟု ပြောပါသည်လို့ တွေ့ရပါတယ်။

ဆရာသိန်းဖေမြင့် ရေးသားထားပုံက နှမ်းလုံးကလေးများဖြစ်မှန်း ကျွန်တော် သိပါသည်။ သို့ရာတွင် ကျွန်တော် နောက်ထပ် အမေ့နို့ကို မစို့တော့ပါဟု ဖော်ပြခဲ့ပါတယ်။

အမေက ကျွန်တော်တို့ ငယ်စဉ်က ကလေးဘဝ အကြောင်းတွေကို သူ သတိရတဲ့အခါ ပြန်ပြောပြလေ့ ရှိပါတယ်။ ကျွန်တော် ငယ်စဉ်က အမေဟာ ကျွန်တော်ကို နို့တိုက် ချော့သိပ်ပြီး သူ့ရင်ခွင်ထဲမှာ ပိတ်ပါးစ အနီးကလေးနဲ့ ဖုံးအုပ်ထားပေးလေ့ ရှိတယ်လို့ ဆိုပါတယ်။ အမေနဲ့ ရင်းနှီး ခင်မင်တဲ့သူတွေက ညည်းသားကလေး ငါတို့ကို ပြစမ်းပါအေလို့ ဆိုရင် အမေက မပြဘဲ ကျွန်တော့်ကို ပိတ်စအနီးနဲ့ ဖုံးအုပ်ပေးထားတယ်လို့ ဆိုပါတယ်။ ကျွန်တော် ငယ်စဉ်က အသား မည်းမည်းညိုညို၊ မျက်လုံးပြူးပြူးနဲ့ အရုပ်ဆိုးလို့ အမေက ကျွန်တော့်ကို တခြားသူတွေ မမြင်ရအောင် အဲဒီလို အနီးစနဲ့ ကွယ်ထားပေးတာလို့ သိရပါတယ်။ ကျွန်တော့်အမေက ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၅ ရက်နေ့မှာ ကွယ်လွန်ခဲ့ပါတယ်။ အမေသာ အသက်ထင်ရှား ရှိနေဦးမယ်ဆိုရင် အခု အသက် ၈၀ တွင်းကို ရောက်နေပြီလို့ ဆိုနိုင်ပါတယ်။ အမေဟာ ကျွန်တော့်အတွက်နဲ့ ပူလောင်ခဲ့ရတယ်။ ဒုက္ခ ရောက်ခဲ့ရတယ်။ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲ ဖြစ်ခဲ့ရတာတွေလည်း အကြိမ်ကြိမ်ပါတဲ့။ အမေဟာ ကျွန်တော် ဒုက္ခ ရောက်နေချိန်မှာ ဘုရားစင်ရှေ့မှာ ထိုင်ပြီး ကျွန်တော့်အတွက်လို့ ဆိုကာ နေ့စဉ် ပုတီးစိပ်ပေးနေခဲ့ပါတယ်။ ကျွန်တော်ဟာ ဘဝမှာ ဒုက္ခတော်တော်များများ ရောက်ခဲ့ဖူးပါတယ်။ အဲဒီလို ဒုက္ခရောက်တိုင်း အမေက ကျွန်တော့်အတွက် ပူပင်ခဲ့၊ ကျွန်တော့်ကို စောင့်ရှောက်ခဲ့တာချည်းပါပဲ။

ကျွန်တော် ငယ်စဉ် ကလေးဘဝက မုက္ခရ ပေါက်တယ်။ အမေ တိုက်တဲ့ နို့ကို မစို့နိုင်ဘူးတဲ့။ ကျွန်တော့် လျှာမှာ ပါးစောင်မှ မုက္ခရတွေ

mgyoe.com

mgyoe.com SAMPLE BOOK

ပေါက်နေပြီး နာလွန်းလို့ ငိုလို့ချည်းသာ နေခဲ့တယ်လို့ အမေက ဆိုပါတယ်။ အမေဟာ ဆိုင်းဆရာကတော် တစ်ယောက်ပါ။ အဖေက ဆိုင်းဆရာဆိုတော့ အမေဟာ အလိုလိုနေရင်း ဆိုင်းဆရာကတော် ဖြစ်ရတာပေါ့လေ။ အဖေ့ဆိုင်းထဲ လိုက်တဲ့ နှဲဆရာ ဘကြီးလွန်းက ဆရာကတော် ကလေးမှက္ခရုပေါက်တာ မပူပါနဲ့။ ကျွန်တော့်မှာ ဆေးနည်းကောင်း ရှိပါတယ်လို့ ပြောပြီး ကျွန်တော့်တို့ အိမ်နောက်ဖေးက ချောင်းရဲ့ကမ်းစပ်မှာ မြေသားစိုစိုကို တူးပြီး တီကောင်ကြီးတစ်ကောင်ကို နှုတ်ယူလာပါတယ်။ ပြီးတော့ ဆရာကတော် ဆေးကတော့ ရပြီ။ ကလေးပါးစပ်ကို ဟထားပါဆိုပြီး ကျွန်တော့်ပါးစပ်ထဲ တီကောင်ကြီး ထည့်ပေးပါတယ်။ ကျွန်တော် ခဏမျှ အငိုတိတ်သွားပြီး နှဲဆရာ ဘကြီးလွန်းက တီကောင်ကြီးကို ပြန်ဆွဲနှုတ်ယူလိုက်ပါတယ်တဲ့။ အဲဒီလို ဆောင်ရွက်ပြီးနောက်မှာ ကျွန်တော် မှက္ခရု အနာတွေဟာ တဖြည်းဖြည်းနဲ့ သက်သာ ပျောက်ကင်းသွားပါတယ်လို့ အမေက ပြောပြခဲ့ပါတယ်။ ကျွန်တော့်ကို အမေက နောက်ထပ် ပြောဖူးပါသေးတယ်။ မင်း ငယ်ငယ်က ဝက်သက်ပေါက်တာ။ မင်း ပေါက်တဲ့ ဝက်သက်က ဆင်ဝက်သက်တဲ့။ ဝက်သက်တွေက အကြီးကြီးတွေ။ မင်း ဝက်သက်ပေါက်လို့ တအားဖျား နေမကောင်းဖြစ်နေတာ။ မသက်သာတော့ မင်းကို အမေနဲ့ အဖေက ပွေ့ချီပြီး အမေက ဘတ်စ်ကားပေါ်မှာ လိုက်ပါလာတယ်။ မင်းအဖေက ဘေးနားမှာ ဘတ်စ်ကားက ဆေးဆရာအိမ်ဘက် သွားနေတုန်း မင်းက ကားပေါ်မှာ လုံးလုံး မလှုပ်တော့ဘဲ ငြိမ်သွားတယ်။ အမေက ထိတ်ခနဲဖြစ်ပြီး ငါ့သားလေးတော့ သေများသွားပြီလား မသိဘူးလို့ အောက်မေ့လိုက်မိတယ်။ မင်း အဖေကိုလည်း အမေက မပြောရဲဘူး။ မင်းက ငြိမ်သက်လို့ အမေ့လက်ထဲမှာ။ အဲဒီအချိန်မှာပဲ အဲ့ခနဲ မင်းရဲ့ အသံကလေးတစ်ချက် ထွက်လာတယ်။ အမေ့မှာ အဲဒီ အဲ့ ဆိုတဲ့ အသံလေး ကြားလိုက်မှ စိတ်ချမ်းသာရတော့တာတဲ့။ ကျွန်တော် ငယ်စဉ်က ဆင်ဝက်သက်တွေ ပေါက်တာ မရှုနိုင် မကယ်နိုင်ဖြစ်ပြီး နာဖျားပုံကို အမေက ပြန်ပြောပြခဲ့တာပါ။

ဒါပေမဲ့ မြန်မာ တိုင်းရင်းဆေး ဆရာကြီးရဲ့ ကုသပေးမှုကြောင့် ကျွန်တော် ပြန်လည်နေကောင်းပြီး ကျန်းမာလာခဲ့တယ်လို့ ဆိုပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK
အမေက သမားတော်ကြီးကို ကျေးဇူးတင်လွန်းလို့ ကျွန်တော့်အတွက် ပုဆစ်တုပ်ပြီး ထိုင်ကန်တော့ခဲ့တယ်လို့လည်း ပြောခဲ့ပါတယ်။ နောက်တစ်ခါ ကျွန်တော် မှတ်မိနေတာက ကျွန်တော်တို့ အိမ်နောက်ဖေးမှာ ချောင်းရှိတယ်။ အဲဒီချောင်းထဲ ကျွန်တော် ရေနစ်ခဲ့တာ။ ကျွန်တော် ရေချိုးနေရင်း နွံထဲကျသွားပြီး ရေနစ်တာပါ။ ကျွန်တော် ရေနစ်တာကို ရေနစ်တယ်လို့ မထင်ကြဘူး။ ကမ်းစပ်က တံတားပိုင်းကလေးပေါ်မှာ အဝတ်လျှော်သူက လျှော်နေတယ်။ ကျွန်တော့်ကိုလည်း သူတို့ မြင်နေကြတယ်။ တကယ်က အဲဒီအချိန်မှာ ကျွန်တော် ရေနစ်နေတာလေ။ သူတို့က ကျွန်တော် ဆော့နေတာလို့ ထင်ချင် ထင်နေမှာပေါ့။ ကျွန်တော် မအော်နိုင်ဘူး။ တဖြည်းဖြည်းနဲ့ အောက်ထဲကို နစ်သွားတယ်။ အဲဒီအချိန် နောက်ဘက်ထဲက ကျွန်တော့်သူငယ်ချင်း မြင့်ကို ရောက်လာပြီး ကျွန်တော့်ကို ဆယ်ယူလိုက်တာပါ။ ကျွန်တော် အဲဒီလို ရေ နှစ်ကြိမ် နစ်ဖူးတယ်။ တစ်ကြိမ်က အိမ်နောက်ဖေး ချောင်းထဲမှာ နစ်တာ။ ဒါကို မြင့်ကိုက ဆယ်ယူပေးခဲ့တယ်။ နောက်တစ်ကြိမ်က ကျွန်တော် လူပျိုပေါက်အရွယ် စကျင်တောင်ခြေက ရွာတစ်ရွာဘေးက ချောင်းမှာ နစ်တာ။ ဒါကို သူငယ်ချင်း တစ်ယောက်ကပဲ ဆယ်ယူပေးခဲ့ပါတယ်။ ဒီအကြောင်းတွေ အမေ့ကို ပြောပြတော့ အမေက ကျွန်တော့်ကို ဆူပါတယ်။ ဝမ်းနည်းပက်လက်လည်း ပြောပါတယ်။ နောက်ထပ် ကျွန်တော် မှတ်မိနေတာကိုလည်း ပြောချင်သေးတယ်။ ကျွန်တော် ခွေးကိုက်ခံရတာပါ။ ကျွန်တော့်ကို ကိုက်တဲ့ ခွေးက အကြီးကြီးပါ။ ကျွန်တော်က အလယ်တန်းကျောင်းသားအရွယ်။ ကျွန်တော့်ကို ကိုက်တဲ့ခွေးက ဝက်သားနဲ့ ဝက်ဆီဖတ် ရောင်းတဲ့အိမ်က သေသေချာချာ မွေးထားတဲ့ ခွေးကြီးပါ။ ကျွန်တော် အဲဒီကို ဝက်ဆီဖတ်များ သွားဝယ်ရင်း အပြန်မှာ ကျွန်တော့်ခြေသလုံးကို ဝင်ကိုက်တာ။ ခြေသလုံး အကြောတည့်တည့်ကျတော့ အိမ်ရောက်အောင် မနည်း ပြန်ယူရပါတယ်။ ၃-၄ ရက်လောက် ကျွန်တော် ကောင်းကောင်း လမ်းမလျှောက်နိုင်ဘူး။ ကျွန်တော့် ခွေးကိုက်ဒဏ်ရာကို အမေကပဲ ပြုစုကုသပေးခဲ့တာ။ ငါ့သားမင်း သိပ်နာသလားတဲ့။ ကျွန်တော် မနာပါဘူး အမေလို့ ဖြေတယ်။ ဒါပေမဲ့ လမ်း ဘယ်မှာ လျှောက်နိုင်လို့တုံး။

mgyoe.com

mgyoe.com SAMPLE BOOK

အခုတော့ နှစ်တွေ လွန်ခဲ့ပါပြီ။ ကျွန်တော်ဟာ လူငယ်ဘဝကို လွန်မြောက်လို့ အသက် ၅၀ ကျော် လူလတ်ပိုင်းကို ရောက်လာခဲ့ပါပြီ။ အမေသာ ရှိရင်လို့ စိတ်ကူးကြည့်မိတဲ့ အချိန်တွေနဲ့၊ 'သြော် ... အမေ' လို့ ရေရွတ်မိတဲ့ အချိန်တွေနဲ့ အမေ့ကို သတိရ အောက်မေ့နေတဲ့ အချိန်တွေလေ။

ပေါ်ပြူလာဂျာနယ်၊ ဇန်နဝါရီ ၃၁၊ ၂၀၁၇။

mgyoe.com

mgyoe.com SAMPLE BOOK

## 'ဒ' ဒထွေးကို အသုံးပြုခြင်း
(အက္ခရာများထံ အလည်တစ်ခေါက် ရောက်ရှိခဲ့စဉ်က)

ဒီနေ့ဟာဖြင့် ငါ့အဖို့ နေထိုင်လို့ကောင်းတဲ့ နေ့တစ်နေ့ပါပဲ။ ဒီလို နေ့တစ်နေ့မှာ ငါဟာ 'ဒ'ထွေး အက္ခရာအကြောင်းကို စဉ်းစားကြည့်မိတော့တယ်။ ငါဟာ ငါ့ရဲ့ စဉ်းစားမှုကို 'ဒ'ထွေးဆိုတဲ့ အက္ခရာရဲ့ အသုံးပြုပုံတွေကို ဆင်ခြင်မှုတစ်ခုသဖွယ် ဖြစ်လာအောင် တိတ်တိတ်ဆိတ်ဆိတ်ပဲ စဉ်းစားခန်း ဝင်မိတယ်လေ။

ဒီလို စဉ်းစားမိတာပါ။ ဒုက္ခရောက်ဖူးသူတိုင်းဟာ ဒထွေး အက္ခရာကို ဖြတ်သန်းဖူးကြပေလိမ့်မယ်။ တကယ်တော့ ဒထွေး အက္ခရာဟာ ဒုက္ခပေးဖို့သက်သက် မဟုတ်ပါဘူး။ ဒီကိစ္စကို ဘယ်လိုများ သဘောရပါသလဲ။ ဒုက္ခက လွတ်မြောက်လာသူတစ်ယောက်ဟာ ဒူးကလေးကို နှံ့လို့၊ လက်ကြားမှာလည်း ဒူးယားစီးကရက်လေးကို ညှပ်လို့ ဒါမျိုးတွေ ရှိးနေပါပြီဆိုတဲ့ ပုံစံနဲ့လေ။ တကယ်တော့ ငါတို့ ကျင်လည်ကြတဲ့ ဘဝတွေဟာ ဒုက္ခနဲ့ တစ်ရံမလပ် ရောပြွမ်းနေကြရတာ။ ဒူးကို ကွေးလို့၊ ခါးကို ကိုင်းလို့၊ ခေါင်းကို ညိတ်လို့ ဒုက္ခနဲ့ ယဉ်ပါးနေသူတစ်ယောက် အိုမင်းလို့လာခဲ့ပါပြီ။ သူဟာ ငါကိုယ်တိုင်ပါပဲကွာ။ ဒူးနေရာ ဒူး၊ တော်နေရာ တော်တဲ့။ သက်သောင့်သက်သာ ကြည်နူး ပျော်ရွှင်ရတဲ့ အချိန်ကလေးတွေလည်း ရှိတာပေါ့ကွာ။

mgyoe.com

mgyoe.com SAMPLE BOOK

ကျုပ်က ဝက်သား တစ်ဒယ်ချက် တစ်ထိုင်တည်း ကုန်အောင် စားတဲ့သူဗျ။ မင်း ဒုက္ခကလည်း မသေးပါလားကွာ။ ငါတော့ မြို့တက်ပြီး ဒွေးကေ ညှပ်ခဲ့ဖူးတယ်။ ဒီးဒုတ်လောက်တော့ ငှက်တိုင်း လှပါတယ်ကွာ။ ဒွေးလေးတို့၊ ကြီးဒေါ်တို့ သတိရသကွာ (ဒထွေးဟာ အဲဒီလို ဆွေးမျိုးစပ်တဲ့ နေရာတွေမှာ အသုံးဝင်ပါတယ်)၊ သမီးက ဒယ်ဒီကို သတိရနေတာ (ဒထွေးဟာ ဝေါဟာရတစ်ခုကို အသံဖလှယ်တဲ့အခါ ကောင်းမွန်တဲ့ အဓိပ္ပာယ်ကိုလည်း ဖြစ်ပေါ်စေပါတယ်)

ဒင်းမျက်နှာ ငါ ကြည့်ကို မကြည့်ချင်ဘူး (မှန်ပါတယ်။ ဒထွေးဟာ ကရုဏာ ဒေါသောဖြစ်တဲ့ နေရာတွေမှာ အသုံးတည့်ပါတယ်)။ ငါ ငယ်ငယ် ကိုရင်ဝတ်တုန်းက ခေါင်းမှာ ဒက်တွေ ပေါက်သကွ။ တို့လည်း ဒီလိုပါကွာ (ဒဒွေးဟာ ဦးခေါင်းပေါ်မှာ အဲဒီလို တည်ရှိနေတတ်ပြန်ပါတယ်)။ ဒထွေးဟာ ဒိုးပတ်တီးသူ တစ်ယောက်တည်းမှာလည်း ရှိနေနိုင်တယ်။ ဒထွေးဟာ တစ်ခုခုကို ဒိုင်ခံ ဖြေရှင်းပေးနေသူတစ်ယောက် ထံမှာလည်း ရှိနေနိုင်ပါတယ်။ ဒထွေးဟာ ဒေါင်သွားစေရအောင်ဆိုတဲ့ ဆိုင်းနောက်ထ တစ်ယောက်ဆီမှာလည်း ရှိနေနိုင်တယ်။

ဒထွေးဟာ ဒီရေတက်လာချိန်မှာ ရေပြင်နဲ့အတူ ဒီရေကျဆင်းသွားတဲ့အချိန်မှာ သောင်ပြင်ပေါ်မှာ အစအနလောက်တော့ ကျန်ရစ်ခဲ့နိုင်တယ်။ ဒထွေးဟာ တုတ်တစ်ပြက်၊ ဓားတစ်ပြက် ဖြစ်တာကို ကြိုက်ပုံမရဘူး။ ဒထွေးဟာ ချွေးဒီးဒီး ကျအောင် ရုန်းကန်နေသူတွေနဲ့အတူ ရှိနေနိုင်တယ်။ ငါတော့ ဒုန်းစိုင်းသွားပြီတဲ့။ သူက ဒီလို ပြောတယ်။ 'မင်း စိတ်ကို ဒုံးဒုံးချ (တုံးတုံးချ) သာ နေလိုက်ပါတော့ကွာ'တဲ့။ ဒီနေရာမှာ ဒီစာကို ငါ ဆက်ရေးလိုသေးတယ်။ ဒါပေမဲ့ ဒီနေရာမှာပဲ ရပ်တန့်လိုက်ပါတယ်။ ဒါကို နားလည်ပေးနိုင်မယ် မဟုတ်လား။

ပေါ်ပြူလာဂျာနယ်၊ နိုဝင်ဘာ ၂၉၊ ၂၀၁၆။

mgyoe.com

mgyoe.com SAMPLE BOOK

## စာရွက်တစ်ရွက်

ကျုပ်ရှေ့မှာ စာရွက်တစ်ရွက် ရှိတယ်။ အဲဒီစာရွက်ဟာ စတုဂံပုံစံ ဖြစ်ပြီး အရောင်က အဖြူရောင် ဖြစ်တယ်။ စာရွက်ပေါ်မှာ မျဉ်းကြောင်း မပါဘူး။ စာရွက်ပေါ်မှာ ဘာမျှ ရေးသားထားခြင်း မရှိဘူး။ စာရွက်ဟာ ဗလာသက်သက်။ ကျုပ် အဲဒီဗလာစာရွက်ကို စိုက်ကြည့်နေတယ်။ ကျုပ် အဲဒီဗလာစာရွက်ကို စိုက်ကြည့်နေပေမဲ့ ဘယ့်နှယ်မှ မနေဘူး။ ကျုပ်ရှေ့က စာရွက်ဟာ ငြိမ်ငြိမ်သက်သက်ပဲ ရှိနေတယ်။ ဗလာဖြစ်နေတဲ့ စာရွက်လွတ် တစ်ရွက်မှာ တစ်ခုခုတော့ ရေးခြစ်ဖို့ ကောင်းတာပေါ့။ နို့ပေမဲ့ ကျုပ် ဒီအတိုင်းပဲ ဗလာစာရွက်ကို ကြည့်နေတယ်။ ကျုပ် ဗလာစာရွက်ကို သုံးလေးကြိမ်လောက် ကြည့်မိတော့ ဗလာစာရွက်နဲ့ ရင်းနှီးလာတယ်။ ကျုပ် ဗလာစာရွက်ကို ချစ်ခင် နှစ်သက်လာတယ်။ ကျုပ်ဟာ အရာဝတ္ထုတွေကို တန်ဖိုးထားတတ်သူ တစ်ယောက်ပါ။ ဗလာစာရွက်ဟာ ရှင်းလင်း တိတ်ဆိတ်မှုနဲ့ သူ့ဘာသာသူ တည်ရှိနေတယ်။ ကျုပ် ဒါကိုပဲ သဘောကျတတ ဖြစ်နေတယ်။ ကျုပ်ရှေ့က ဗလာစာရွက်ဟာ ပြန့်ပြူးတယ်၊ ညီညာတယ်။ အနားလေးဘက် ပါရှိတယ်။ သူ့မှာ ကိုယ်ပိုင် ဧရိယာငယ် ကလေးတစ်ခု ရှိတယ်။ ကျုပ်တော့ဖြင့် ဗလာစာရွက် တစ်ရွက်ကို ဖတ် နေမိပြီ ထင်ပါရဲ့။ ဒီလိုတော့ဖြင့်လည်း မဟုတ်သေးပေဘူး။ ကျုပ်

mgyoe.com

mgyoe.com SAMPLE BOOK

လူငယ်ဘဝက ဒီလို ဘယ်ဟုတ်လိမ့်မတုံး။ ဗလာစာရွက်တစ်ရွက် တွေ့ရင် တစ်ခုခုကို ရေးမိတာပဲ။ ကိုယ့်အမည်ကို ကိုယ် ရေးတယ်။ တစ်ခါတလေ ရှုပ်ထွေးတဲ့ မျဉ်းကြောင်းတွေ ခြစ်ပစ်တယ်။ တစ်ခါတလေ စာသား နည်းနည်းပါးပါးလည်း ရေးမိတာ ရှိတယ်။ ကျုပ်က စာရွက်တွေနဲ့ ဟိုးစဉ်ကတည်းက အကျွမ်းတဝင် ရှိခဲ့တာပါ။ ကျုပ်ဟာ စာရွက်တွေကို ဖတ်ရှုဖို့ ဘယ်တုန်းကမှ ဝန်မလေးခဲ့ဘူး။ ခင်ဗျား ကြုံဖူးသလား။ ဗလာ စာရွက်ပေါ်မှာ စာရေးပြီး အပြန်အလှန် ပြောကြတဲ့နည်းလေ။ ကျုပ် သမီး ငယ်ငယ်က ကျုပ်ကို စိတ်ကောက်ပြီး စကားမပြောဘူး။ အဲ၊ သူ ပြောချင်တာကို စာရွက်ပေါ်မှာ စာရေးပြီး ပြောတယ်လေ။ ဥပမာ – အဖေ့ ကို မခေါ်တော့ဘူး (သမီးက ဗလာစာရွက်ပေါ်ရေးပြီး ကျုပ် လာပြတာ) ကျုပ်က ဘာဖြစ်လို့လဲလို့ ပြန်ရေးပေးရတယ်။ ဘာဖြစ်လို့လဲ။ အဖေက ဆူလို့ (သမီးက အဲဒီလို ပြန်ရေးသဗျ)။ ကျုပ် ဘာကြောင့် စာရွက်တွေကို နှစ်သက် မြတ်နိုးတယ်ဆိုတာ ပြောပြရဦးမလား။ အင်း … အခုတော့ ကျုပ် အသက်ကြီးပြီ။ ကျုပ်ရှေ့က ဗလာစာရွက်ကိုပဲ စိုက်ကြည့်နေမိပြီ။ သူ့ဘာသာ တည်ရှိနေမှုဟာလည်း နှစ်လိုဖွယ်ရာကောင်းတယ်လို့ ကောက် ချက်ချမိပြီ။ မှန်ပါတယ်။ ကျုပ်ရှေ့မှာ ဗလာစာရွက်တစ်ရွက် ရှိတယ်။ ခင်ဗျား တစ်ခုခု ရေးချင်တယ်ဆိုရင် ရေးနိုင်ပါတယ်လို့ ပြောပါရစေလား။

၂၉၊ ၆၊ ၂၀၁၇။

mgyoe.com

mgyoe.com SAMPLE BOOK

## မိုးရွာသော နေ့တစ်နေ့

မိုးတဖွဲဖွဲ ရွာသွန်းနေသည်ကို ကျွန်တော် အခန်းကလေးထဲမှ မြင်နေရသည်။ သေသေချာချာ ကြည့်လျှင် မိုးစက်မိုးပေါက် မှုန်မှုန်ကလေးများ အဆက်မပြတ် ကျဆင်းနေသည်ကို အဖြူရောင် မျဉ်းကြောင်းကလေးများသဖွယ် မြင်တွေ့နိုင်သည်။ မိုးက တစိမ့်စိမ့် ရွာသွန်းနေလျက်ပင်။ မနေ့ညက ကျွန်တော် အိပ်ရာဝင်တော့ မိုးပေါက် တစ်ပေါက် နှစ်ပေါက် ကျဆင်းနေသံကို ကြားရသည်။ မိုးအေးအေး ညထဲမှာ ကျွန်တော် အိပ်ပျော်သွားသည်။ ယနေ့ နံနက်လင်းတော့ မိုးစက်မိုးမှုန်ကလေးများ ကျဆင်းကာ တစိမ့်စိမ့် ရွာသွန်းနေသည်ကို တွေ့ရသည်။ ကျွန်တော်သည် အခန်းကလေးထဲမှ အပြင်ကို လှည်းကြည့်မိသည်။ ဟိုးဘက် အိမ်ဝင်း အတွင်းမှ ပိတောက်ပင်ကြီး မိုးရေထဲမှာ စိမ်းစို လန်းဆန်းနေသည်ကို မြင်ရသည်။ ပိတောက်ရွက် စိမ်းစိမ်းများထဲတွင် ပိတောက်သီး ဝါဝါကလေး များကို တွေ့ရသည်။ ဝါဆိုလထဲသို့ ရောက်ခဲ့ပြီဖြစ်ရာ တန်ခူးလက ပွင့်ခဲ့သော ပိတောက်ပန်းများ နေရာတွင် ပိတောက်တို့ သီးချေပြီ။ မိုးက တစိမ့်စိမ့် ရွာသွန်းနေလျက်ပင်။ ကျွန်တော် နေထိုင်သော အခန်းကလေး ထဲမှ လှမ်း၍ ကြည့်လိုက်လျှင် ဝင်းထရံ စည်းရိုး၌ လှန်းထားသော အဝတ်များကို တွေ့ရသည်။ အဝတ်များသည် မိုးရေထဲ၌ စိုစွတ်နေကြ

mgyoe.com

mgyoe.com SAMPLE BOOK

သည်။ ကျွန်တော့် အခန်းကလေးမှ ရှေ့ဘက်သို့ ထွက်ရာ လမ်းကြားကလေးကို အုတ်နီခဲ အကျိုးအပဲ့များနှင့် ထိုးထိုးထောင်ထောင် တွေ့ရသည်။ ထိုလမ်းကြားကလေးမှာလည်း မိုးရေတို့ စိုစွတ်နေသည်။ စိုစွတ်နေသော ထိုလမ်းကြားကလေးကို ဖြတ်ကာ ခွေးတစ်ကောင်သည် ကျွန်တော် နေထိုင်ရာ အခန်းတံခါးပေါက်သို့ လာရပ်သည်။ ကျွန်တော် နေထိုင်သည့် အခန်းကလေးသို့ သူသည် ဦးခေါင်းကို မော့ကာ ကြည့်လေသည်။ သူသည် ခဏမျှ မော့ကာကြည့်ပြီး မိုးရေထဲသို့ ဆက်လက် ထွက်ခွာသွားလေသည်။ ကျွန်တော်သည် ခဏမျှ ငြိမ်သက်ကာ အခန်းကလေးထဲသို့ ဝေ့ကာ ကြည့်မိပါတော့သည်။ အခန်းတံခါးဝတွင် ထောင်ထားသော ထီးတစ်လက်။ အသုံးမပြုသည်မှာ ကြာပြီဖြစ်သော မီးသွေးတစ်ထုပ်၊ အမှိုက်သိမ်းဂေါ်၊ ကန့်လန့်ဖြတ် လဲကျနေသော သံထည်တစ်ခု။ အခြားစိတ်ဝင်စားစရာ ဘာမျှ သိပ်မရှိချေ။ စိုစွတ်နေသော လမ်းကြားကလေးကို ဖြတ်ကာ ကျွန်တော် အခန်းပြတင်းပေါက် ရောက်လာပြီး ခေါင်းမော့ကြည့်ခဲ့သော ခွေးတစ်ကောင်ကို ကျွန်တော် ပြန်လည် သတိရလာသည်။ သူသည် ခဏမျှသော အချိန်ပိုင်းကလေး၌ အခန်းတံခါးဝသို့ ရောက်လာကာ ဦးခေါင်းကို မော့၍ ကြည့်သွားခဲ့သည်။ အခန်းဝတွင် ထောင်ထားသော ထီးတစ်လက်၊ အသုံးမပြုသည်မှာ ကြာမြင့်ပြီဖြစ်သော မီးသွေးတစ်ထုပ်၊ အမှိုက်သိမ်းဂေါ်၊ ကန့်လန့်ဖြတ် လဲကျနေသော သံထည်တစ်ခု။ သူ စိတ်ဝင်စားစရာ မရှိပေ။ တစ်စိမ့်စိမ့် ရွာနေသော မိုးကို ကြည့်ရင်း အခန်းထဲမှာ ကျွန်တော် ငြိမ်သက်နေသည်။ ကျွန်တော် ဖတ်လက်စ စာအုပ်တစ်အုပ်မှာ တံခါးပေါက်အနီးတွင် ဖရိုဖရဲ ကျရောက်နေသည်။ စိုစွတ်သော လမ်းကလေးသည် ငြိမ်သက် တိတ်ဆိတ်နေသည်။ ကျွန်တော် ရေနွေးမတ်ခွက်ကို တစ်ကျိုက် သောက်လိုက်သည်။ ကိုယ်ခန္ဓာထဲမှာ နွေး၍သွားသည်။ စောစောက ခွေးတစ်ကောင်သည် တစိမ့်စိမ့် မိုးထဲမှာ လျှောက်သွားကောင်း သွားနေလိမ့်မည်။ သို့မဟုတ် မိုးလွတ်ရာ တစ်နေရာရာကို ဝင်တိုးရင်း ငြိမ်သက်ကောင်း ငြိမ်သက်နေပေလိမ့်မည်။

၁၈၊ ၇၊ ၂၀၁၇။

mgyoe.com